### တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံ အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များမှ သုံးလပတ်အစီရင်ခံစာ၊ ခွင့်လျှောက်ထားခြင်း၊ ပညာသင်ကာလတိုးမြှင့်မှု လျှောက်ထားလာခြင်းတို့နှင့်ပတ်သက်၍ အသိပေးအကြောင်းကြားခြင်း

တရုတ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသော မြန်မာနိုင်ငံမှ လာရောက်သည့် အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များသည် တရုတ်နိုင်ငံ၌ ရောက်ရှိနေထိုင်စဉ်ကာလအတွင်း မိမိတို့၏ ပညာသင်ကြားခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၊ ပေကျင်းမြို့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ ပေးပို့အကြောင်းကြားပေးလျက် ရှိပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံ အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များ၏ သုံးလပတ်အစီရင်ခံစာ၊ ခွင့်စာများနှင့် အခြားသောပညာရေးဆိုင်ရာ အစီရင်ခံစာများကို သံရုံးအီးမေးလ်မှတစ်ဆင့် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ရာတွင် အထက်ဖော်ပြပါ အစီရင်ခံစာ ပေးပို့မှုနှင့်ပတ်သက်၍ သံရုံးအီးမေးလ်မှတစ်ဆင့် လက်ခံဆောင်ရွက်ခြင်းအစား အစီရင်ခံစာများကို Hard copy များဖြင့်သာ **၂၀၁၉ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှစတင်ပြီး** လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့သည် နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သုံးလပတ်အစီရင်ခံစာ Hard copy များကို (၁) သက်ဆိုင်ရာဝန်ကြီး ဌာန၊ (၂) နိုင်ငံခြားရေးဝန်ကြီးဌာန၊ (၃) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (၄) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၊ (၅) အတွင်းရေးမှူး၊ နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီနှင့် (၆) ရုံးလက်ခံအဖြစ် ပေးပို့ဆောင်ရွက်ရပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ အစီရင်ခံစာ Hard copy များကို အောက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း မြန်မာသံရုံးသို့ လိပ်မူ၍ အချိန်မီ ပေးပို့ပေးကြပါရန် အကြောင်းကြားအပ်ပါသည်-

| စဉ် | အကြောင်းအရာ | | ပေးပို့ရမည့် ကာလ | ပေးပို့ရမည့် မိတ္တူစောင်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သုံးလပတ် အစီရင်ခံစာ | စက်တင်ဘာလမှ နိုဝင်ဘာလအထိ | ဒီဇင်ဘာလ ပထမပတ်အတွင်း | မူရင်း(၁)စုံ + မိတ္တူ(၅)စုံ= စုစုပေါင်း (၆)စုံ | ပေးပို့သည့် အစီရင်ခံစာများကို တစ်စုံစီ stapler ဖြင့် ချုပ်၍ ပေးပို့ပေးကြပါရန်။ |
| | | ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ | မတ်လ ပထမပတ်အတွင်း | | |
| | | မတ်လမှ မေလအထိ | ဇွန်လ ပထမပတ်အတွင်း | | |
| | | ဇွန်လမှ ဩဂုတ်လ အထိ | စက်တင်ဘာလ ပထမပတ်အတွင်း | | |

| | | | | |
|---|---|---|---|---|
| ၂။ | <u>ခွင့်လျှောက်ထားခြင်း</u><br><br>• ပညာရေးဝန်ကြီးဌာနမှ ဖြစ်ပါက ခွင့်စာနှင့်အတူ ကျောင်း/ ပါမောက္ခ ထောက်ခံစာ၊ သုံးလပတ် အစီရင်ခံစာများ ပူးတွဲပေးပို့ရန်<br>• ကျန်ဝန်ကြီးဌာနများမှ ခွင့်စာနှင့်အတူ ကျောင်း/ ပါမောက္ခ ထောက်ခံစာ ပူးတွဲပေးပို့ရန်<br><br><u>မှတ်ချက်။ အရေးပေါ်ကိစ္စများ ပေါ်ပေါက်ပါက သံရုံးသို့ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်အကြောင်း ကြားနိုင်ပါသည်။</u> | မိမိခွင့်သွားမည့် နေ့ရက်မတိုင်မီ (၁)လကြိုတင်ရန် | မူရင်း(၁)စုံ+ မိတ္တူ(၂)စုံ= စုစုပေါင်း (၃)စုံ | ၁။ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ခွင့် လျှောက်ထားရာတွင် သုံးလပတ်ကို မဖြစ်မနေ တွဲပို့ရပါသည်။ ခွင့်လျှောက် ထားခြင်းတွင် တွဲတင်သော သုံးလပတ်သည် ပုံမှန် သုံးလပတ်အစီရင်ခံစာ ပေးပို့ခြင်းနှင့် မသက်ဆိုင်ပါ။<br><br>၂။ ပေးပို့သည့် အစီ ရင်ခံစာများကို တစ်စုံစီ stapler ဖြင့် ချုပ်၍ ပေးပို့ပေးကြပါရန်။ |
| ၃။ | <u>ပညာသင်သက်တမ်းတိုး လျှောက်ထားခြင်း</u><br><br>• ပညာသင်သက်တမ်းတိုး လျှောက်ထားမှု အစီရင်ခံစာ နှင့်အတူ ကျောင်း/ ပါမောက္ခ ထောက်ခံစာ၊ သုံးလပတ် အစီ ရင်ခံစာ ပူးတွဲပေးပို့ရန် | သက်တမ်းတိုး လိုသည့် ကာလမတိုင်မီ (၆)လကြိုတင် ပေးပို့ရန် | မူရင်း(၁)စုံ+ မိတ္တူ(၂)စုံ= စုစုပေါင်း (၃)စုံ | ၁။ ပညာသင်သက်တမ်းတိုး လျှောက်ထားရာတွင်လည်း သုံးလပတ်ကို မဖြစ်မနေ တွဲတင်ရပါသည်။ ပညာသင် သက်တမ်းတိုးလျှောက်ထား ခြင်းတွင် တွဲတင်သော သုံးလပတ်သည် ပုံမှန် သုံးလပတ်အစီရင်ခံစာ ပေးပို့ခြင်းနှင့် မသက်ဆိုင်ပါ။<br><br>၂။ ပေးပို့သည့် အစီရင်ခံစာ များကို တစ်စုံစီ stapler ဖြင့် ချုပ်၍ ပေးပို့ပေးကြပါရန်။ |

| | | | | |
|---|---|---|---|---|
| ၄။ | **တရုတ်နိုင်ငံပြင်ပ အခြားနိုင်ငံများသို့ စာတမ်းဖတ်ကြားမှု လျှောက်ထားခြင်း**<br>• လျှောက်ထားမှုအစီရင်ခံစာ နှင့်အတူ ကျောင်း/ပါမောက္ခ ထောက်ခံစာ၊ သုံးလပတ် အစီရင်ခံစာ ပူးတွဲ ပေးပို့ရန် | သွားရောက်မည့် နေ့ရက်မတိုင်မီ (၂)လကြိုတင် ပေးပို့ရန် | မူရင်း(၁)စုံ+ မိတ္တူ(၂)စုံ= စုစုပေါင်း (၃)စုံ | ၁။ စာတမ်းဖတ်ကြားမှု လျှောက်ထားခြင်းတွင် တွဲတင်သော သုံးလပတ် သည် ပုံမှန်သုံးလပတ် ပေးပို့ခြင်းနှင့် မသက်ဆိုင်ပါ။<br>၂။ ပေးပို့သည့် အစီရင်ခံစာ များကို တစ်စုံစီ stapler ဖြင့် ချုပ်၍ ပေးပို့ပေးကြပါရန်။ |
| ၅။ | **အခြားသောပညာရေးဆိုင်ရာ အစီရင်ခံစာများ**<br>• လျှောက်ထားမှုအစီရင်ခံစာ နှင့်အတူ ကျောင်း/ ပါမောက္ခ ထောက်ခံစာ၊ သုံးလပတ် အစီရင်ခံစာ ပူးတွဲ ပေးပို့ရန် | လျှောက်ထား လိုသည့်နေ့ရက် မတိုင်မီ (၁)လကြိုတင် ပေးပို့ရန် | မူရင်း(၁)စုံ+ မိတ္တူ(၂)စုံ= စုစုပေါင်း (၃)စုံ | ပေးပို့သည့် အစီရင်ခံစာ များကို တစ်စုံစီ stapler ဖြင့် ချုပ်၍ ပေးပို့ပေးကြပါရန်။ |

**သံရုံးလိပ်စာ**

Education Section
Embassy of the Republic of the Union of Myanmar
No.6, Dong Zhi Men Wai Street, Chao Yang District,
Beijing, PRC, 100600

**(တရုတ်ဘာသာဖြင့်)**
教育部
缅甸联邦共和国驻华大使馆
朝阳区东直门外大街6号
北京. 中华人民共和国
邮局： 100600